# ၁၅၇။ လာလိုသူတိုင်းလာနိုင်ခြင်းကျူး

## Whosoever will!

ဗျာ ၂၂း၁၇

ကြားရသောသူတိုင်း၊ သတင်းတော်မြတ် လွှင့်ပါ၊ လောကတရှောက်လုံး မ
ဂ်လာ သတင်းကြော်ငြာ၊ ဝမ်းမြောက်ဖွယ်သတင်း လူတိုင်းတို့အားကြွေးကြော်၊
လာလိုသူတိုင်း လာကြလော့။ လာလိုသောသူတိုင်း၊ လာနိုင်ကြောင်းကြွေးကြော်
တောင်ပေါ်တောင်ကြား၊ ထိုသတင်းတော်မြတ် လွှင့်လော့။ လမ်းလွဲသောသူ
အား၊ ချစ်ဖခင် ခေါ်မူလေ၊ လာလိုသူတိုင်း လာနိုင်ပေ။

လာလိုသောသူတိုင်း ဆိုင်း၍ မနေလေရာ တံခါးသည် ပွင့်နေစဉ်၊
ဝင်လိုလျှင် ဝင်ပါ၊ ယေရှုရှင်သည် မှန်သော အသက်လမ်းဖြစ်ပေ၊
လာလိုသူတိုင်း လာနိုင်လေ။ လာလိုသောသူတိုင်း၊ လာနိုင်ကြောင်းကြွေးကြော်
တောင်ပေါ်တောင်ကြား၊ ထိုသတင်းတော်မြတ် လွှင့်လော့။ လမ်းလွဲသောသူ
အား၊ ချစ်ဖခင် ခေါ်မူလေ၊ လာလိုသူတိုင်း လာနိုင်ပေ။

လာလိုသောသူဖို့ ကတိတော်မြတ် မြဲတည်၊ လာလိုသော သူသည် အ
စဉ် သည်းခံရမည်။ လာလိုသောသူ ထာဝရ အသက်ရချေ။
လာလိုသူတိုင်း လာနိုင်ပေ။ လာလိုသောသူတိုင်း၊ လာနိုင်ကြောင်းကြွေးကြော်
တောင်ပေါ်တောင်ကြား၊ ထိုသတင်းတော်မြတ် လွှင့်လော့။ လမ်းလွဲသောသူ
အား၊ ချစ်ဖခင် ခေါ်မူလေ၊ လာလိုသူတိုင်း လာနိုင်ပေ။

ထ